ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၅) ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ရက်

မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့် စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း။ | ၅-၆ |
| ၃။ | အီတလီနိုင်ငံတွင် ဝန်ကြီးချုပ် Giorgia Meloni က အစိုးရစနစ်ပြောင်းလဲရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက်ကို ကြေညာခြင်း။ | ၇-၈ |
| ၄။ | တရားမျှတမှုမရှိသောစာချုပ်ပါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ဩစတြေးလျ နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ။ | ၉-၁၀ |
| ၅။ | အမေရိကန်နိုင်ငံသမ္မတ Biden သည် ဉာဏ်ရည်တု AI (Artificial Intelligence) အတွက် ဘေးကင်းစေမည့်စံနှုန်းများသတ်မှတ်ရေးအမိန့်ကို လက်မှတ် ရေးထိုးခဲ့ခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့်စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည့် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၈.၃.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၁၇/၂၀၂၃)ဖြင့်စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအာဏာတည်သည့်နေ့ရက်နှင့် အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃) ဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့်အာဏာတည်သည့်နေ့ရက်တို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ပြဋ္ဌာန်းခဲ့သော စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၃.၁၀.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၃)ဖြင့် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး ယင်းနည်းဥပဒေများသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အကျိုး

သက်ရောက်စေရမည်ဟု ဖော်ပြထားသဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအာဏာတည်သည့် ၃၁.၁၀.၂၀၂၃ရက်နေ့တွင် စတင်အကျိုးသက်ရောက်ကြောင်း တွေ့ရှိရပါသည်။

ဤနည်းဥပဒေများတွင် မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့် ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်တစ်ဦးဦးသည် စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်လိုပါက လျှောက်လွှာပုံစံ (CR-1) ဖြင့် လည်းကောင်း၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်လိုပါက လျှောက်လွှာပုံစံ (CR-2) ဖြင့် လည်းကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်ပြီး လက်ခံစစ်ဆေးသည့် ဝန်ဆောင်မှုအတွက် အခကြေးငွေပေးသွင်းရမည် ဖြစ်ကြောင်း နှင့် နည်းဥပဒေ ၅ တွင် မှတ်ပုံတင်လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် တည်ထောင်ထားသည့် အဖွဲ့အစည်းများကို တိကျစွာဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

လျှောက်ထားသူသည် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ခြင်း၊ လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း၊ စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ခြင်း၊ လွှဲပြောင်းခြင်း ပြသည့်မှတ်တမ်းများကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း၊ ကိုယ်စားလှယ် လွှဲအပ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်ကြောင်းနှင့် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို တိကျစွာ ဖော်ပြထားပါသည်။

မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ (Website)မှတစ်ဆင့် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ မူပိုင်ခွင့်ဦးစီးဌာန၏ထုတ်ပြန်ကြေညာချက် စာအုပ် (Publication Book) ဖြင့်ဖြစ်စေ ထုတ်ပြန်ကြေညာရမည်ဖြစ်ကြောင်း၊ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့်အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့် မရှိစေရကြောင်း နှင့် မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကိုမကျေနပ်၍ အဂျေင်စီထံ အယူခံလျှောက်ထားရာတွင် အေဂျင်စီ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားလိုသူများအနေဖြင့် ဤနည်းဥပဒေများတွင် အသေးစိတ် လေ့လာနိုင်မည် ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့် စပ်လျဉ်း၍ တားဆီး ကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် နိုင်ငံသားနှင့် နိုင်ငံခြားသားများကအုပ်စုဖွဲ့၍ ငွေကြေးလိမ်လည်မှုအား ကြိုတင်တားဆီးကာကွယ်ခြင်း၊ သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန အချင်း ချင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှု များနှင့် စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures – SOP)ကို အမိန့်ကြော်ငြာစာအမှတ် ၂၁၆/၂၀၂၃ ဖြင့် ၁၅-၁၀-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိ ရပါသည်။

၂။ ယင်းလုပ်ထုံးလုပ်နည်းများ(Standard Operating Procedures – SOP) ထုတ်ပြန်ချက် အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများက မိုဘိုင်း ငွေရေး ကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင် မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် ကြီးကြပ်စိစစ်ခြင်းကိစ္စ၊ မိုဘိုင်းငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက် သူ၏ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ တယ်လီဖုန်းနံပါတ်များ ပြည့်စုံစွာ ရယူထားနိုင်ရေးနှင့် ထိုကဲ့သို့ အချက်အလက်များ ပြည့်စုံစွာ ရယူခြင်းမရှိပါက ငွေထုတ်ယူမှုလုပ်ငန်းစဉ် မပြီးမြောက် စေရေးအတွက် ပြင်ဆင်ထားရန် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူအား ညွှန်ကြားခြင်း ကိစ္စ၊ နိုင်ငံခြားသားများ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်သည့် ပြစ်မှု ကျူးလွန်ခြင်းအပေါ် တားဆီးကာကွယ်နိုင်ရန် နိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် နေထိုင်သွားလာမှုနှင့် ပတ်သက်၍ စနစ်တကျရှိစေရန် ပြည်ဝင်ဗီဇာနှင့် နေထိုင်ခွင့် သက်တမ်းတိုးမြှင့် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများတွင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း ကိစ္စ၊ နိုင်ငံခြားသားများအား ဟိုတယ်၊ နေအိမ်၊ တိုက်ခန်း စသည်တို့တွင် ငှားရမ်းနေထိုင်ခွင့်ပြု

ထားခြင်းကို ပုံမှန်စစ်ဆေးရန်၊ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဆက်သွယ်ရေးကွန်ရက်မှ တစ်ဆင့် မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်ခြင်းကိစ္စရပ်များကို ပိတ်သိမ်းတားဆီးခြင်းကိစ္စ စသည်တို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ယင်းကိစ္စများအနက် အချို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီး ဌာနများ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ယင်းသို့ ချိတ်ဆက်နိုင်ရန် နည်းပညာသုံးသတင်းပို့စနစ် ထားရှိမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.unionsupremecourt.gov.mm

## အီတလီနိုင်ငံတွင် ဝန်ကြီးချုပ် Giorgia Meloni က အစိုးရစနစ်ပြောင်းလဲရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက်ကို ကြေညာခြင်း

အီတလီနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် Giorgia Meloni က ၎င်းတို့အစိုးရအနေဖြင့် အီတလီနိုင်ငံဝန်ကြီးချုပ်ကို မဲဆန္ဒရှင်များမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်၍ အီတလီနိုင်ငံ၏ တတိယသမ္မတနိုင်ငံတော်ကို ထူထောင်နိုင်ရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်(တနင်္ဂနွေနေ့)တွင် ပြောကြားခဲ့ပါသည်။

Meloni က သမိုင်းပေးတာဝန်အရ ဒီမိုကရေစီအစိုးရ တစ်လှည့်စီဖြစ်ပေါ်မှုခိုင်မာရန် နှင့် နောက်ဆုံးတွင် တတိယသမ္မတနိုင်ငံတော်ဖြစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို ၎င်းတို့အစိုးရကရည်ရွယ်ချက်ရှိကြောင်း Saint Vincent ဒေသရှိ Valle d'Aosta မြို့တွင်ကျင်းပသည့် ညီလာခံ၌ ပြောကြားခဲ့ပါသည်။

Meloni ၏အစိုးရအဖွဲ့သည် ဝန်ကြီးချုပ်ကို ပြည်သူမှ တိုက်ရိုက်ရွေးချယ်တင်မြှောက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်ဥပဒေမူကြမ်းကို လာမည့်သောကြာနေ့တွင် မိတ်ဆက်တင်ပြမည်ဖြစ်ကြောင်း ပြုပြင်ပြောင်းလဲရေးဝန်ကြီး Maria Elisabetta Casellati က စနေနေ့တွင် ပြောကြားခဲ့ပါသည်။

လက်ရှိကျင့်သုံးနေသောစနစ်အရ ပါတီများသည် အထွေထွေရွေးကောက်ပွဲအပြီး၌ အစိုးရဖွဲ့စည်းရေး စကားဝိုင်းများတွင် ပါဝင်ကြပြီး လွှတ်တော်တွင် အာဏာရလူအများစုဖြင့် ဖွဲ့စည်းထားသောအဖွဲ့က နိုင်ငံတော်အကြီးအကဲအဖြစ် အဆိုတင်သွင်းသူသာလျှင် ဝန်ကြီးချုပ်ဖြစ်လာခြင်းဖြစ်ပါသည်။

အဆိုပါပုဂ္ဂိုလ်သည် ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ပါတီများက၎င်းတို့၏နိုင်ငံ့ခေါင်းဆောင်အဖြစ် ရွေးချယ်ထားသော နိုင်ငံရေးသမားတစ်ဦးမဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုသည် အီတလီနိုင်ငံတွင် ပြည်သူမှရွေးချယ်ထားသောခေါင်းဆောင်များက အုပ်ချုပ်မည်ဖြစ်ကြောင်းနှင့်အုပ်ချုပ်ရေးပိုင်းကို ပိုမိုတည်ငြိမ်စေမည်ဖြစ်ကြောင်း Meloni က ပြောကြားခဲ့ပါသည်။

အီတလီနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် “ပထမသမ္မတနိုင်ငံတော်” (၁၉၄၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ)ဟု သိရှိရပြီး ၁၉၉၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း ကြီးမားသော အကျင့်ပျက်ခြစားမှုများကိုနှိမ်နင်းသည့် Tangentopoli ဆောင်ရွက်မှုများပြီးသည့်အချိန်မှ လက်ရှိအချိန်ထိ “ဒုတိယသမ္မတနိုင်ငံတော်” ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

**e-Government ဌာနခွဲ**
**ဝန်ကြီးရုံး**
**ဥပဒေရေးရာဝန်ကြီးဌာန**

Source:

https://constitutionnet.org/news/italy-prime-minister-announces-constitutional-reform-proposal-change-system-government

## တရားမျှတမှုမရှိသော စာချုပ်ပါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ဩစတြေးလျနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ

ဩစတြေးလျဖက်ဒရယ်ပါလီမန်သည် တရားမျှတမှုမရှိသော စာချုပ်ပါ စည်းကမ်းချက်များကို ပြုပြင်ပြောင်းလဲရန်အတွက် Australian Consumer Law နှင့် Australian Securities and Investments Commission Act တို့ကိုပြင်ဆင်သည့် Treasury Laws Amendment (More Competition, Better Prices) Act ကို ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် အပြောင်းအလဲများဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

အဆိုပါ ပြင်ဆင်ချက်ဥပဒေသည် တရားမျှတမှုမရှိသော စာချုပ်စည်းကမ်းချက်များ ထည့်သွင်းချုပ်ဆိုမှု များပြားနေခြင်းကို လျော့နည်းစေရန်နှင့် စံပုံစံစာချုပ်များနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ချုပ်ဆိုသည့်စာချုပ်များတွင် တရားမျှတမှုမရှိသော စာချုပ်စည်းကမ်းချက်များ အသုံးပြုခြင်းကို တားမြစ်ရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ချုပ်ဆိုမည့် စာချုပ်များ၊ တည်ဆဲစာချုပ်များကို သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်းများနှင့် သက်ဆိုင်မည် ဖြစ်ပါသည်။

တည်ဆဲ Australian Consumer Law (“**ACL**”) အရ 'စံပုံစံစာချုပ်များ' ဆိုသည်မှာ ယေဘုယျအားဖြင့် ယင်းစာချုပ်များ၏စည်းကမ်းချက်များကို ညှိနှိုင်းခွင့်မရှိဘဲ ကန့်သတ်ထား သည့် စာချုပ်များဖြစ်သည်ကိုတွေ့ရှိရပြီး ယခုပြင်ဆင်ချက်အရ 'စံပုံစံစာချုပ်'၏အဓိပ္ပါယ် ဖွင့်ဆိုချက်သည် စာချုပ်ဝင်များအကြား စေ့စပ်ညှိနှိုင်းနိုင်သည့်အခြေအနေများရှိလာနိုင်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါဥပဒေများအရ တရားမျှတမှုမရှိသော စာချုပ်ပါစည်းကမ်းချက်များဖြင့် စံပုံစံစာချုပ် ချုပ်ဆိုသည့် ရောင်းချသူများ သို့မဟုတ် ထုတ်လုပ်သူများအပေါ် ယခင်က ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ရာတွင် ယခုပြင်ဆင်ချက်အကျိုးသက်ရောက်မည့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ တားမြစ်ချက်များကိုဖောက်ဖျက်ခြင်းအတွက် Australian Consumer Law အရ ပုဂ္ဂိုလ် တစ်ဦးဦးဖြစ်လျှင် ဒေါ်လာ ၂.၅ သန်းအထိ ငွေဒဏ်ပေးဆောင်ရမည်ဖြစ်ပြီး

ကော်ပိုရေးရှင်း ဖြစ်လျှင် ဒေါ်လာ သန်း ၅၀ သို့မဟုတ် ရရှိသောအကျိုးအမြတ်၏ ၃ ဆ အထိ ငွေဒဏ် ပေးဆောင်ရမည်ဖြစ်ပါသည်။ Australian Securities and Investments Commission Act အရ ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လျှင် ဒေါ်လာ ၅၀၀၀ သို့မဟုတ် ရရှိသောအကျိုးအမြတ်၏ ၃ ဆ အထိ ငွေဒဏ်ပေးဆောင်ရမည်ဖြစ်ပြီး ကော်ပိုရေးရှင်းဖြစ်လျှင် ဒေါ်လာ ၅၀၀၀၀ သို့မဟုတ် ရရှိသော အကျိုးအမြတ်၏ ၃ ဆ အထိ ငွေဒဏ်ပေးဆောင်ရမည်ကြောင်း သိရှိရပါသည်။

ယခင်က တရားရုံးသည် စာချုပ်ပါစည်းကမ်းချက်မှာ တရားမျှတမှုမရှိပါက ပျက်ပြယ်ကြောင်းသာ ကြေညာနိုင်ပြီး ယခုပြင်ဆင်ချက်ဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်များ နှင့် ပုဂ္ဂလိက တစ်ဦးချင်းအနေဖြင့် ၎င်းတို့၏ အသေးစားစီးပွားရေးလုပ်ငန်းဆိုင်ရာ စာချုပ်များနှင့် စံပုံစံ စာချုပ်များတွင် တရားမျှတမှုမရှိသော စည်းကမ်းချက်ပါဝင်နေပါက ၎င်းတို့အား ထိရောက်သော ပြစ်ဒဏ်ချနိုင်မည်ဖြစ်သဖြင့် တရားမျှတမှုမရှိသော စာချုပ်စည်းကမ်းချက်များ ပါဝင်မှုမရှိစေရေးအတွက် သတိပြုရန် လိုအပ်မည်ဖြစ်ကြောင်း သိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်-**

https://www.nortonrosefulbright.com/en/knowledge/publications/8c26352b/wider-reach-and-new-penalities-for-beach-of-the-unfair-contract-terms-regime

https://www.landers.com.au/legal-insights-news/Changes-to-unfair-contract-terms-laws-in-Australia

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၅)　　　　၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

## အမေရိကန်နိုင်ငံသမ္မတ Biden သည် ဉာဏ်ရည်တု AI (Artificial Intelligence) အတွက် ဘေးကင်းစေမည့်စံနှုန်းများ သတ်မှတ်ရေး အမိန့်ကို လက်မှတ်ရေးထိုးခဲ့ခြင်း

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ဉာဏ်ရည်တုနည်းပညာ(AI)အတွက် အထင်ကရဖြစ်စေမည့် ဘေးကင်းလုံခြုံရေးစံနှုန်းများသတ်မှတ်ရေးဆိုင်ရာအမိန့်ကို ၃၀-၁၀-၂၀၂၃ တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါအမိန့်သည် အဓိက ဉာဏ်ရည်တုစနစ်များကို ဖွံ့ဖြိုးအောင်ဆောင်ရွက်သူများအား လုံခြုံရေးစစ်ဆေးမှုရလဒ်များကို အမေရိကန်အစိုးရနှင့် မျှဝေရန်၊ စံသတ်မှတ်ထားသော ဘေးကင်းရေးစမ်းသပ်မှုပြုလုပ်ရန်၊ ဇီဝ AI စမ်းသပ်မှုကို ကန့်သတ်ရန်၊ AI အသုံးပြုလိမ်လည်မှုကာကွယ်ရေးအတွက် အကောင်းဆုံးအလေ့အကျင့်များ ထုတ်ပြန်ရန်၊ ယှဉ်ပြိုင်မှုမှတစ်ဆင့် ဆော့ဖ်ဝဲလ်တွင် အားနည်းချက်များ ကိုရှာဖွေသည့် AI ကိရိယာများ ထူထောင်ရန်၊ သုတေသနကိစ္စရပ်များတွင် ရန်ပုံငွေထောက်ပံ့ရန်၊ အစိုးရအေဂျင်စီများမှ လျှို့ဝှက်အချက်အလက်များကို မည်သို့သိမ်းဆည်းသည်ကို အကဲဖြတ်ရန်၊ ရာဇဝတ်ဆိုင်ရာ တရားမျှတမှုများတွင် ခွဲခြားဆက်ဆံမှုများကို ဖြေရှင်းရန်၊ AIကျွမ်းကျင်ပညာရှင်များ၏အခွင့်အရေးများကိုကာကွယ်ရန်နှင့် USအစိုးရတွင် AI ပရော်ဖက်ရှင်နယ်များကို ငှားရမ်းရန်အတွက် ရန်ပုံငွေထောက်ပံ့ရန် တိုက်တွန်းသွားမည်ဖြစ်သည်။

အဆိုပါအမိန့်သည် AI နှင့်စပ်ဆိုင်သည့် တပြေးညီဖြစ်သော လုပ်ငန်းခွင်ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် စည်းမျဉ်းများဖန်တီးခြင်းလုပ်ငန်းစဉ်ကို စတင်ရန် ကူးသန်းရောင်းဝယ်ရေးဌာန၊ ကာကွယ်ရေး၊ စိုက်ပျိုးရေးနှင့် ပညာရေး အပါအဝင် အေဂျင်စီအများအပြားကို ခွင့်ပြုပေးထားပါသည်။ ကနဦးဖမ်းဆီးခြင်းမှ ထောင်ကျခြင်းအထိ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်အတွင်း AI ကိုလက်ရှိအသုံးပြုနေသည့်နည်းလမ်းအားလုံးအား အပြည့်အစုံအစီရင်ခံစာပြုစုရေးသားရန် တရားရေးဌာနကို အချိန်ကာလ တစ်နှစ်ပေးထားပါသည်။

သမ္မတ ဂျိုးဘိုင်ဒင် ညွှန်ကြားခဲ့သည့် လုပ်ဆောင်ချက်များသည် ဘေးကင်းလုံခြုံပြီး ယုံကြည်စိတ်ချရသော AI ဆိုင်ရာ အမေရိကန်၏ ချဉ်းကပ်မှုတွင် အရေးကြီးသော ခြေလှမ်းများဖြစ်ပါသည်။ ပိုမိုလုပ်ဆောင်ရန်လိုအပ်ပြီး တာဝန်ယူမှုရှိသော ဆန်းသစ်တီထွင်မှုတွင် အမေရိကမှ ဦးဆောင်

လမ်းပြရာတွင် ကူညီရေးဥပဒေပြုနိုင်ရန်အတွက် အုပ်ချုပ်ရေးအာဏာပိုင်များသည် ကွန်ဂရက်လွှတ်တော်နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဂျိုးဘိုင်ဒင်၏ စီမံဆောင်ရွက်မှုအရ AI သည် AI ၏ လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများကိုဖြေရှင်းရန်၊ AI စွမ်းအင်သုံးဆော့ဖ်ဝဲလ်တွင် အားနည်းချက်များကို ရှာဖွေဖြေရှင်းရန်နှင့် ဉာဏ်ရည်တုအခွင့်အရေးများဆိုင်ရာအဆိုပြုဥပဒေမူကြမ်းအတွက်စာတမ်းထုတ်ပြန်ရန်တို့သည် ဦးစားပေးမှုဝါဒတစ်ရပ်ဖြစ်ခဲ့ပါသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း AI လုံခြုံရေးသည် ကမ္ဘာလုံးဆိုင်ရာနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်လာခဲ့သည့်အတွက် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ AI လုံခြုံရေးနှင့် လျှို့ဝှက်ရေးဆိုင်ရာကိစ္စရပ်များကို အလေးအနက်ထားဆောင်ရွက်ရန် AI သိပ္ပံပညာရှင်များနှင့် ထင်ရှားသောနည်းပညာဆိုင်ရာ ပုဂ္ဂိုလ်အများအပြားက ကမ္ဘာ့အစိုးရများအား တိုက်တွန်းသည့် စာတစ်စောင်ရေးသား လက်မှတ်ထိုးခဲ့ပါသည်။ ဗြိတိန်နိုင်ငံတွင်ကျင်းပသည့် AI ဘေးကင်းရေးနှင့် ပုဂ္ဂိုလ်ရေးပြဿနာများနှင့် စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာညီလာခံတစ်ခုဖြစ်သည့် ဉာဏ်ရည်တုဘေးကင်းလုံခြုံရေးဆိုင်ရာညီလာခံ (AI Safety Summit) အပြီးတွင် အဆိုပါအမိန့်သည် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိတွင် AI ကို မော်တော်ကား၊ ဘဏ်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။ သို့သော် ကိုယ်တိုင်မောင်းနှင်သည့်ကားများ အပါအဝင် AI အသုံးပြုမှုအချို့တွင် စည်းကမ်းမဲ့ လမ်းဖြတ်ကူးသည့်လမ်းသွားလမ်းလာများကို တုံ့ပြန်မှု မရှိခြင်း၊ ပိုမိုနက်မှောင်သော အသားအရေအရောင်ကို ခွဲခြားထားသည့် မျက်နှာအသိအမှတ်ပြု ဆော့ဖ်ဝဲနှင့် ဥပဒေစိုးမိုးရေးအတွက် အသုံးပြုသည့် မှုခင်းကြိုတင်ခန့်မှန်းဆော့ဖ်ဝဲများတွင် တိကျမှု မရှိခြင်းတို့ကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.jurist.org/news/2023/10/us-president-biden-signs-executive-order-setting-safety-standards-for-ai/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

